# ငွေမြိုင်

## အာသိဝိပ်ပြင်းသောမိန်းမချော



# (၁)

'မသဲဖြူ...မသဲဖြူ'

လှမ်းခေါ်သူက အသည်းအသန်။ ပြီး အူယားဖားယား ပြေးလိုက်လာသည် ။

သို့ရာတွင် ...

အခေါ်ခံရသူက အလေးအနက် မထားချေ။ သွက်လက်စွာ လှမ်းနေသော ခြေလှမ်းများကို အနည်းငယ်မျှ နှေးလိုက်သည် ။

မကြာမီ...

လှမ်းခေါ်သူက မသဲဖြူနှင့် ဘေးချင်းယှဉ်လျက် ဖြစ်သွားသည် ။

'မင်း ဘာဖြစ်လို့ လိုက်လာတာလဲ မိသူ'

မသဲဖြူက လှည့်မကြည့်ဘဲနှင့် မေးလိုက်သည် ။

'ဘယ်လိုမေးလိုက်တာလဲ သူငယ်ချင်းရယ်၊ ပိတောက်မြိုင်မှာ မင်းနဲ့ ငါက အချစ်ဆုံး သူငယ်ချင်းတွေပဲ မဟုတ်လား၊ မင်း အခုလိုထွက်သွားတာကိုတောင်မှ တို့လိုက်ပို့ခွင့် မရှိတော့ဘူးလားကွာ'

မိသူ၏ အသံက ကတုန်ကယင် ဖြစ်နေသည် ။

မျက်ဝန်းထဲတွင် မျက်ရည်များ ပြည့်လုနီးပါး။

သည့် မျက်ဝန်းကို နေရောင်ဟပ်သောအခါ တောက်ပရွှန်းလက်နေသည် ။

မသဲဖြူက ဘာတစ်ခွန်းမှ ပြန်မဖြေ၊ အံကို တင်းတင်းကြိတ်ထားသည် ။ သူမ၏ အသွင် သဏ္ဌာန်က တင်းမာနေသည် ။

ရွှေဝါရောင် ဝင်းမွတ်သန့်စင်နေသော အသားအရေ၊ ကျစ်လျစ်ပြေပြစ်သော ကိုယ်လုံးနှင့် ဖြစ်သည် ။ ချောမွေ့လှပသော မျက်နှာကလေးတွင် ဒေါသခိုးများ ဝေ့တက်နေသည် ။

အရောင်တောက်နေသော မျက်ဝန်းထဲတွင် အခဲမကျေခြင်းနှင့် ပေါင်းစပ်နေသော ယူကျုံးမရ ဖြစ်ခြင်းတို့ က အထင်းသား ပေါ်လွင်နေသည် ။

မသဲဖြူနှင့် မိသူတို့ ၏ ခြေလှမ်းများက ပိတောက်မြိုင် ဘူတာကလေးသို့ ဦးတည်နေကြသည် ။

ဘူတာဝန်းကျင်တွင် လူရှင်းနေသည် ။

'မင်း အခု ဘယ်ကိုသွားမှာ လဲ မသဲဖြူ'

မိသူက မသဲဖြူ၏ တင်းမာနေသော မျက်လုံးအစုံကို ဂရုတစိုက်ကြည့်၍ မေးသည် ။

တကယ်တမ်းအားဖြင့် ...

မသဲဖြူ ရင်ထုမနာ ဖြစ်ရပ်တစ်ခုကို မိသူ သိထားသည် ။

ထို့ကြောင့် မသဲဖြူအတွက် မိသူ ရင်နာရသည် ။

မည်သို့ပင်ဖြစ်စေ...

မသဲဖြူက သူ့အကျိုက်အခဲနှင့်သူ။ ထုထည်ကြီးမားသော ခံပြင်းမှုကို နှစ်ရှည်လများ ထိန်းသိမ်းခဲ့ရသည် ။ ခံစားရဖန်များ ၍ ပေါက်ကွဲပွင့်ထွက်လုနီးပါး ဖြစ်နေသည် ။

မသဲဖြူက ဘာတစ်ခွန်းမှ ပြန်မဖြေ။

ဘူတာရုံ လက်မှတ်ပေါက်ရှိရာသို့ လျှောက်သွားသည် ။ လက်ထဲမှ လက်ဆွဲအိတ်ကြီးကိုချ၍ ဇစ်ဖွင့်ကာ ပိုက်ဆံအိတ်ကို ထုတ်ယူလိုက်သည် ။

ပိုက်ဆံအိတ်ထဲမှ နှစ်ဆယ်တန် ငွေစက္ကူတစ်ရွက်ကို နှိုက်ယူ၍ လက်မှတ်ပေါက်ထဲသို့ လက်ထည့်သည် ။

မိသူက မသဲဖြူ၏ ဘေးတွင် ရပ်လျက် တည်ရှိသည် ။ လှုပ်ရှားလာမည့် နှုတ်ခမ်းသား မို့မို့ ဖူးဖူးကလေးကို ငေးစိုက် ကြည့်နေလိုက်သည် ။

'မန်ကျည်းပင်စုဘူတာကို တစ်စောင်ပေးပါ'

မသဲဖြူ၏ နှုတ်ခမ်းနှစ်မွှာ လှုပ်ရှားသွားသည် ။ သူမ၏ လေသံက ပြတ်သည် ။

လက်မှတ်ရောင်းသူ၏ ပြန်အမ်းငွေနှင့် ရထားလက်မှတ်ကို ဆုပ်ကိုင်၍ မသဲဖြူက လက်ကို ပြန်ထုတ်လိုက်သည် ။

ဖွင့်ထားဆဲဖြစ်သော ပိုက်ဆံအိတ်ထဲသို့ လက်မှတ်နှင့် ငွေစက္ကူကလေးများ ထည့်ပြီး လက်ဆွဲအိတ်ကြီး အတွင်းသို့ သွတ်သွင်း ဇစ်ပိတ်လိုက်သည် ။

မသဲဖြူ၏ ခြေလှမ်းများက ရထားသံလမ်းဘေးဘက် ကုက္ကိုပင်ကြီးအောက်တွင် 'ပိတောက်မြိုင်' ဟူသော အနက်ရောင် စာလုံးကြီးများကို အဖြူရောင် သစ်သားဆိုင်းဘုတ် နောက်ခံတွင် ထင်ရှားစွာ တွေ့မြင်လို

က်ရသည္ ။

'ကဲ…ဒါဆိုရင္ တို႔ ဘယ္သြားတယ္ ဆိုတာေလာက္ေတာ့ မင္းေျပာျပလို႔ ရသြားၿပီ မဟုတ္လား'

မသဲျဖဴက မာေက်ာေသာ ေလသံျဖင့္ ေျပာလိုက္သည္ ။

'မသဲျဖဴ မေျပာေစခ်င္လည္း တို႔ မေျပာပါဘူးကြာ'

မိသူက အသံတိမ္တိမ္ျဖင့္ ေျပာလိုက္သည္ ။ ျဖစ္နိုင္လွ်င္ မိသူက မသဲျဖဴအား အစြမ္းကုန္ တားျမစ္ခ်င္သည္ ။ မိသူ၏ ရင္ထဲတြင္ ဆို႔နင့္တင္းက်ပ္ေနသည္ ။

သို႔ရာတြင္ …

မသဲျဖဴဆိုေသာ မိန္းကေလး၏ စိတ္ဓာတ္ကို ငယ္ေပါင္းျဖစ္၍ မိသူ ေရေရလည္လည္ သိထားသည္ ။

မသဲျဖဴ၏ စိတ္ဓာတ္ တင္းမာျပတ္သားမႈကို မည္သည့္အေၾကာင္းေၾကာင့္မွ် ေျပာင္းလဲလိမ့္မည္ မဟုတ္ေၾကာင္း မိသူ နားလည္ၿပီးသား။

'မင္း ျပန္ေျပာေပမယ့္လည္း အေၾကာင္းထူးမွာ မဟုတ္ေတာ့ပါဘူး မိသူ၊ ေနရာတစ္ေနရာ ဆိုတာကလြဲလို႔ တို႔ အတြက္ ဘာမွ မထူးဆန္းပါဘူး၊ တို႔ ကို ဘယ္သူမွ ျပန္ၿပီးဆက္သြယ္လို႔ ရေတာ့မွာ မွ မဟုတ္တာ'

မသဲျဖဴက စကားအဆုံးတြင္ ပင့္သက္တစ္ခ်က္ ရွိဴက္လိုက္သည္ ။

'ဒါဆို မင္း ဘယ္ေတာ့မွ တို႔ ဆီကို ျပန္မလာေတာ့ဘူးေပါ့ေနာ္၊ ဟုတ္လား မသဲျဖဴ'

မိသူက ေၾကကြဲ ၀မ္းနည္းသံကေလးျဖင့္ ေမးလိုက္သည္ ။

'အဲလိုမျိုးပဲ ဆိုပါတော့ကွာ၊ ဟော… ဟိုမှာ မီးရထား လာပြီ၊ မင်းပြန်တော့ မိသူ၊ တို့ ကို မေ့လိုက်တော့'

မသဲဖြူက အသံကိုထိန်း၍ ပြောသည် ။

သူမ၏ အသံက နာကြည်းမှုဖြင့် အက်ကွဲသံ တစ်ခုပမာ။

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မင်းနဲ့ တို့ ဟာ ငယ်ငယ်ကလေးကတည်းက ပေါင်းလာခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေပဲ မဟုတ်လား မသဲဖြူ၊ မင်းအပေါ်မှာ တို့ ဘယ်လောက် သံယောဇဉ်ကြီးသလဲ ဆိုတာ မင်းသိမှာ ပါ'

မိသူ၏ မျက်ဝန်းထဲမှ မျက်ရည်များ သည် ပါးပြင်မို့မို့ပေါ်သို့ အန်ထွက်စီးကျလာသည် ။ သူမအနေနှင့် မချိတင်ကဲ ကြေကွဲလှိုက်လှဲနေသည်မှာ အမှန်။

ထိုအချိန်တွင် ဘူတာသို့ ဝင်လာသော ရထားသည် သူတို့ နှစ်ယောက် မျက်မှောက်တွင် အရှိန်လျှော့၍ ရပ်တန့်လိုက်သည် ။

မသဲဖြူက သက်ပြင်းမော တစ်ချက်ကို ရှည်ရှည်လျားလျား မှုတ်ထုတ်လိုက်သည် ။

'ကဲ… တို့ ရထားပေါ်တက်တော့မယ်၊ မင်း ပြန်တော့လေ'

မသဲဖြူက ပြောပြောဆိုဆိုဖြင့် ရထားပေါ်သို့ တက်သွားသည် ။ တွဲတွင်း၌ လူရှင်းနသည် ။ သူမသည် ပြတင်းနှင့်ကပ်လျက် နေရာယူလိုက်သည် ။

မိသူက ရထားအောက်မှ နေ၍ ပြတင်းအနီးသို့ တိုးလာသည် ။

'မသဲဖြူ… မသဲဖြူကို တစ်နေ့နေ့ကျရင် တို့ ပြန်ဆုံဖို့ မျှော်လင့်နေမယ်နော်'

မိသူက အသံကိုမြှင့်၍ ပြောလိုက်သည် ။

သူမက လက်ဖမိုးဖြင့် မျက်ရည်များကို ပွတ်သုတ်လိုက်သည် ။ စိုထိုင်းသော မျက်ရည်စများ သည် မျက်တောင်များကို ကပ်ငြိနေဆဲပင်။ မျက်ခမ်းသားများ တွင် ကျန်ရှိနေသေးသော မျက်ရည်များကြောင့် တောက်ပြောင်နေသည် ။

'မင်းရဲ့ မျှော်လင့်ချက်ဟာ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူးကွာ'

မသဲဖြူက နှုတ်ခမ်းလှုပ်ရုံမျှ တီးတိုးရွတ်ဆိုလိုက်သည် ။ ရင်ထဲမှာလည်း ...

'တို့ အခုသွားရမယ့်လမ်းဟာ မပြန်လမ်းဆိုတာ တို့ ရေရေလည်လည် သဘောပေါက်ပြီးသားပါ'

ဟူ၍ ပြောနေသည် ။

'မပြန်လမ်း' ဆိုသော စကားလုံးသည် မသဲဖြူ၏ ဦးနှောက်ထဲတွင် အဖန်တလဲလဲ ပဲ့တင် ထပ်နေလေသည် ။

မိသူက ရထားထွက်သွားသည် ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည် ။

သို့ရာတွင် ...

ရထားပေါ်တွင် လိုက်ပါသွားသော မသဲဖြူက လုံးဝလှည့်မကြည့်၊ မျက်လုံးဖွင့်ထားသော သူ့အမြင်အာရုံထဲတွင် ဘာမျှမရှိ။

ရှည်သွယ် ကော့လျားသော မျက်တောင်ကိုစင်း၍ မျက်ခွံကို ပိတ်လိုက်သည် ။ ပတ်ဝန်းကျင် ရှုခင်းများ နှင့် အဆက်ဖြတ်လိုက်ခြင်းပင်။

ထိုအခါ...

သူမ၏ အမြင်အာရုံတွင် ဝီလီဂျစ်တစ်စီး အရှိန်အဟုန်ဖြင့် ရိပ်ခနဲ တိုးဝင်လာသည် ။

ကားပေါ်မှ လူငါးယောက်၏ အသွင်သဏ္ဌာန်။

ပေါက်ကွဲ မြည်ဟိန်းလာသော သေနတ်သံတစ်ချက်။

သူမနှင့် လက်တွဲထားရာမှ ဘေးသို့ ယိုင်စောင်း လဲကျသွားသော ကိုမောင်။

ကိုမောင်၏ ရင်ဘတ်မှ နီတွေးသော သွေးများ ။

ထိုအခါ...

မသဲဖြူ၏ လှပချောမွေ့သော မျက်နှာလေးပေါ်တွင် နာနာကြည်းကြည်း အသွင်သဏ္ဌာန် တစ်ခု ဖြစ်ပေါ်လာရလေတော့သည် ။

***

# (၂)

'မြိုင်သာ'

ဘူတာအမည် ဆိုင်းဘုတ်က မသဲဖြူ၏ မြင်ကွင်းထဲသို့ ပြေးဝင်လာသည်။

မသဲဖြူသည် သူ့ဘေးတွင် ချထားသော လက်ဆွဲအိတ်၏ လက်ကိုင်ကွင်းနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

ပြီး ထိုင်ရာမှ သွက်လက်စွာ ထလိုက်သည်။

တစ်ပြိုင်တည်းမှာ ပင် လက်ဆွဲအိတ်ကို ဆွဲမသည်။

မြိုင်သာဘူတာတွင် ရထားမဆိုက်မီ မသဲဖြူသည် ရထားအတက်အဆင်းပေါက်သို့ ကြိုတင် ရောက်ရှိနေနှင့်သည်။

ရထားအရှိန်လျှော့၍ ရပ်တန့်သွားသွားချင်း မသဲဖြူက ပေါ့ပါးစွာ ဆင်းလိုက်သည်။ သူမ၏ လှုပ်ရှားမှုများက တက်ကြွလွန်းသည်။

မသဲဖြူတစ်ယောက် မြိုင်သာ ဘူတာရုံတွင်းသို့ ဝင်ခဲ့သောအခါတွင် အချို့လူရွယ်များက ကွက်ကြည့် ကွက်ကြည့် လုပ်နေကြသည်။ အချင်းချင်း လက်တို့၍ တီးတိုးတီးတိုး သဖန်းပိုး ဖြစ်နေကြသည်။

သို့ရာတွင် သူမ၏ မာကျောသော မျက်လုံးအစုံနှင့် တင်းတင်းစေ့

ထားသော နှုတ်ခမ်းနှစ်လွှာ တို့ ကို မြင်လိုက်ရသောအခါ သူတို့ အပေါ်သို့ ထည်ဝါခန့်ညားသော လွှမ်းမိုးမှုတစ်ခုကို ခံစားလိုက်ကြ ရသည် ။

မသဲဖြူက မည်သူ့ကိုမှ ထီမထင်သော အသွင်သဏ္ဍာန်မျိုး ဖြစ်နေသည် ။

'သွားမစနဲ့ ၊ မီးပွင့်သွားမယ်'

ဟူသော စကားလုံးသည် သူမ၏ စွဲမက်ဖွယ်ရာ အလှနှင့်အတူ ဖြစ်ပေါ်နေလေသည် ။

***

ခင်မောင်စိုးသည် ကားကို ဂိုဒေါင်ထဲသို့ မောင်းသွင်းလိုက်သည် ။

ပြီး ဂိုဒေါင်တံခါးကို သော့ပိတ်၍ အဆောက်အအုံ ရှိရာသို့ လျှောက်လာခဲ့သည် ။ သူက အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးဖြစ်သည် ။

ထိုအဆောက်အအုံမှာ နှစ်ထပ်တိုက် ဘော်ဒါဆောင်ဖြစ်သည် ။

ဘော်ဒါဆောင်အောက်ထပ် အဝင်ဝတွင် ညစောင့် တစ်ယောက်ရှိသည် ။ လူငယ်တစ်ယောက် ဖြစ်သည် ။ သူ၏ တာဝန်မှာ ညနေ ခြောက်နာရီမှ နံနက်ခြောက်နာရီအထိ ဖြစ်သည် ။

သူသည် ခင်မောင်စိုးအား အပြုံးဖြင့် နှုတ်ဆက်လိုက်သည် ။

ခင်မောင်စိုးက အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်ပြီး နောက် စီးကရက်တစ်လိပ်ကို နှိုက်ယူကာ နှုတ်ခမ်းတွင် တပ်လိုက်သည် ။

မီးညှိရန် မီးခြစ်ကို ဟိုစမ်း သည် စမ်း လုပ်နေသည် ။

‘ဟာ…ငါ့မီးခြစ်တော့ ဟိုတယ်မှာ ကျန်ရစ်ခဲ့ပြန်ပြီ’

တစ်ယောက်တည်း ရေရွတ်လိုက်သည် ။

ညစောင့်က သူ၏ သစ်သားမီးခြစ်ကို ယမ်းဆံဖြင့် ခြစ်ပေးလိုက်သည် ။

ခင်မောင်စိုးက စီးကရက်ထိပ်ဖျားကို မီးခြစ်ဆံမှ မီးစွယ်နှင့် တည်ငြိမ်စွာ ထိနိုင်ရန် ကြိုးစား ထိန်းသိမ်းနေရသည် ။

သူ့အနေနှင့် ဟိုတယ်တွင် အလွန်အကျွံ သောက်လာခဲ့သောကြောင့် ဖြစ်သည် ။

ခင်မောင်စိုးအဖို့ မည်မျှပင် သောက်လာသည် ဖြစ်စေ သူ့တည်းခိုဆောင်အရောက် ကားကို ပုံမှန်အတိုင်း မောင်းလာနိုင်စွမ်းရှိသည် ။

သူသည် ညစောင့်အနီးတွင် ခေတ္တမျှရပ်၍ စီးကရက်ကို ဖွာရှိုက်နေသေးသည် ။ ထို့နောက် သူ့လက်ထဲတွင် ကိုင်ထားလျက်ပင် ရှိသေးသော စီးကရက်ဘူးကို ညစောင့်အား လှမ်းပေးလိုက်သည် ။

‘မင်းယူလိုက်တော့ကွာ’

‘ဆရာ့အတွက်ကော’

‘ရပါတယ်၊ ဒီည ငါသောက်ခဲ့တာ များ သွားပြီ၊ ဝီစကီရော စီးကရက်ရောပေါ့ကွာ’

သူသည် ပြောပြောဆိုဆိုဖြင့် အစောင့်အနီးမှ လှည့်ထွက်၍ အပေါ်ထပ်သို့ လှေကားမှ တက်လိုက်သည် ။

ခြေလှမ်းမှန်မှန်ဖြင့် လှေကားငါးထစ်အရောက်တွင် ညစောင့်က သူ၏ နောက်မှ ခပ်သုတ်သုတ် လျှောက်လာရင်း လှမ်းခေါ်လိုက်၏။

‘ဆရာ...ဆရာ့ကိုပြောဖို့ အခုမှ သတိရတယ်’

ခင်မောင်စိုးက လှေကားရင်းတွင် ရပ်နေသော ညစောင့်ကို လှည့်ကြည့်၍ လှေကားထစ်ပေါ်မှ မေးလိုက်သည် ။

‘ဘာပြောမလို့ လဲ’

သူ့အသံက အနည်းငယ် လျှာလေးအာလေး ဖြစ်နေသည် ။ သူ၏ အိပ်ချင်စိတ်ကို ကြိုးစား ဖယ်ရှားနေရသည် ။

‘ညခုနစ်နာရီလောက်တုန်းက အမျိုးသမီးတစ်ယောက် ဆရာ့ကိုလာမေးတယ်’

‘အဲဒီအမျိုးသမီးနာမည်က ဘယ်သူတဲ့ လဲကွ’

‘နာမည်တော့ ပြောမသွားဘူး ဆရာ၊ ကျွန်တော်က ဘယ်သူလာတယ်လို့ ပြောရမလဲလို့ မေးပါသေးတယ်’

‘မင်းပြောစရာရှိတာ ဒါပဲမဟုတ်လား’

သူက ပေါ့ပေါ့ဆဆဖြင့် ပြန်မေးလိုက်သည် ။

‘ခဏနေပါဦး ဆရာ၊ အဲဒီအမျိုးသမီးက အရမ်းချောတယ်ဆိုတာကို ပြောမလို့ ပါ၊ အဲဒီလောက်ချောတဲ့ အမျိုးသမီးမျိုး ကျွန်တော့်တစ်သက်မှာ တစ်ခါမှ မတွေ့ဖူးဘူး ဆရာ’

ခင်မောင်စိုး အနည်းငယ် စိတ်ဝင်စားလာသည် ။

‘ဒါဆို အရင်တုန်းက ငါ့ဆီလာနေကျ အမျိုးသမီးတွေထဲက မဟုတ်ဘူး ပေါ့’

ညစောင့်က ခေါင်းညိတ်ပြသည် ။

‘အဲဒါတော့ သေချာတယ် ဆရာ၊ ရုပ်ရည်က အပြတ်သားနားတယ်၊

ပြီးတော့ ကိုယ်လုံး ကိုယ်ပေါက်ကလည်း ရေရေလည်လည်မိတယ်’

‘ဒါဆိုရင် ချောစုများ ဖြစ်နေမလား’

‘ မဟုတ်ဘူး ဆရာ၊ ချောစုကို ကျွန်တော်မြင်ဖူးတယ်၊ အဲဒီအမျိုးသမီးနဲ့ ယှဉ်လိုက်ရင် ချောစုက...ဖွဲ’

‘ဒါပေမဲ့ သူ ဘယ်သူလဲဆိုတာ ပြောမသွားတော့ အဲဒါကို ငါက ဘာဆက်လုပ်ရမှာ လဲကွာ’

ခင်မောင်စိုးက ဆံပင်ကို လက်ဖြင့်သပ်ရင်း ညည်းပြသည် ။

‘ပြီးတော့ အဲဒီအမျိုးသမီးက ဆရာ့ကိုသိပုံမရဘူး ဆရာ’

‘ဘာပြောတယ်’

ညစောင့်စကားကြောင့် ခင်မောင်စိုး အရမ်းအံ့ဩသွားသည် ။ ထို့ကြောင့် သူက ဆက်မေးလိုက်သေးသည် ။

‘ဒါဆိုရင် ငါ့ကိုမသိတဲ့ အမျိုးသမီးက ငါ့နာမည် လာမေးတယ်ပေါ့ ဟုတ်လား၊ ပြီးတော့ ဘာဆက်ပြောသေးသလဲကွ’

‘အဲဒီအမျိုးသမီးက ဆရာ့အခန်းထဲက သွားစောင့်ပါရစေတဲ့ ၊ ကျွန်တော်က ဒါတော့ မဖြစ်နိုင်ဘူး၊ ဆရာ့အခန်းသော့လဲ ကျွန်တော့်မှာ မရှိဘူးလို့ ပြောလိုက်တာပေါ့ ဆရာ၊ ပြီးတော့ သူက ဆက်မေးသေးတယ်၊ ဆရာ့ပုံစံက ဘယ်လိုလဲတဲ့ ၊ ဒါနဲ့ ကျွန်တော်က ကိုခင်မောင်စိုးဆိုတာ အရပ်ပုပု၊ ဝဝတုတ်တုတ်လို့ တမင် လွှဲပြောလိုက်တယ်လေ၊ ဒီတော့ သူက ဒါဆိုရင် ဟုတ်ပြီ၊ ကျွန်မတွေ့ချင်တာ သူပဲလို့ ပြောတယ်၊ ကျွန်တော်က ဆရာလာတဲ့ အထိ အောက်ထပ်မှာ ပဲ ထိုင်စောင့်ဖို့ ပြောပါသေးတယ်၊ ဒါပေမဲ့ အမျိုးသမီးက ပြုံးပြတယ်၊ သိပ်ကျက်သရေရှိတဲ့ အပြုံးနဲ့ ပေါ့၊ နောက်တော့မှ ကျွန်မ တစ်ခေါက်ထပ်လာခဲ့ပါဦးမယ်ဆိုပြီး ပြန်သွားတ

ယ်’

‘သူက ဘာကားနဲ့ လာတာလဲ၊ သူ့ကားနံပါတ်ကို မင်းမှတ်ထားလိုက်သေးလား’

ခင်မောင်စိုး၏ အမေးကို ညစောင့်က ခေါင်းခါပြသည် ။

‘ခြေကျင်လျှောက်သွားတာပဲ ဆရာ၊ ကျွန်တော်က သူ့ကားကို တစ်နေရာရာမှာ ရပ်ထားတယ်ထင်လို့ မယောင်မလည်နဲ့ သူ့နောက်က လိုက်ကြည့်ပါသေးတယ်၊ လမ်းထောင့်ရောက်လို့ ချိုးကွေ့ပျောက်ကွယ်သွားတော့မှ ကျွန်တော် ပြန်လာခဲ့တာ၊ မပြန်လို့ လဲ မဖြစ်ဘူး မဟုတ်လား ဆရာ၊ ဒီမှာ အစောင့်ဆိုလို့ ကျွန်တော်တစ်ယောက်ပဲရှိတာ’

ခင်မောင်စိုးက ခေါင်းညိတ်ပြလိုက်သည် ။

ညစောင့်က ဆက်ပြောပြန်သည် ။

‘အဲဒီအမျိုးသမီးကိုကြည့်ရတာ တကယ့်ကို ဆွေကောင်းမျိုးကောင်း၊ ဂုဏ်သရေရှိ အထက်တန်းစားဆိုတာ ကျွန်တော် အကဲခတ်နိုင်ပါတယ် ဆရာ၊ ဒါ ကျွန်တော် အလေးအနက် ပြောတာပါ၊ တချို့မိန်းမတွေက အထက်တန်းစားပုံစံမျိုး ဖြစ်နေပေမယ့် မိန်းမကောင်းနဲ့ မိန်းမဆိုး သိသာပါတယ် ဆရာ’

‘ကဲ...မင်းရဲ့ ချီးမွမ်းခန်းကို ငါ ဆက်ပြီးနားမထောင်နိုင်တော့ဘူးကွာ၊ ငါ့အတွက် အိပ်ချိန်တွေ လျော့ကုန်တော့မယ်၊ တော်လောက်ပါပြီ’

ခင်မောင်စိုးက ရယ်ရယ်ပြုံးပြုံးဖြင့် စကားကို ဖြတ်တောက်လိုက်သည် ။

ပြီး...

လှေကားထစ်များမှ ဆက်တက်လာခဲ့သည် ။

သူ့အခန်းရှေ့သို့ ရောက်သောအခါ သော့ဖွင့် လိုက်လေတော့သည် ။

***

(၃)

ကျော်ရွှေသည် ခင်မောင်စိုး၏ အခန်းရှေ့သို့ ညနေစောင်းအချိန်တွင် ရောက်ရှိ လာလေသည် ။ ညခုနစ်နာရီတွင် ခင်မောင်စိုးနှင့် မြကေသီတို့ စေ့စပ်ပွဲရှိသည် ။

သို့ရာတွင် ...

ခင်မောင်စိုးက အဆင်သင့်မဖြစ်သေးချေ။ သူ့အခန်းထဲသို့ ကျော်ရွှေ ဝင်လာချိန်တွင် သူက အင်္ကျီချွတ်ဖြင့် မုတ်ဆိတ်ငုတ်တိုကလေးများကို ရိတ်နေဆဲဖြစ်သည် ။

'ဘယ်လိုလဲ ကျော်ရွှေ...ဝီရိယကောင်းလှချည်လား၊ ငါဘာမှ မလုပ်ရသေးဘူးကွ'

ခင်မောင်စိုးက ပြုံးလျက်မေးလိုက်သည် ။

သူတို့ နှစ်ယောက်က အရမ်းရင်းနှီးသည် ။

'မင်းရုံးခန်းကို ညနေက ဖုန်းဆက်သေးတယ်၊ မင်းမရှိတော့ဘူး၊ ဘယ်လျှောက်သွားနေလဲ၊ အားအားရှိ လျှောက်လိမ့်နေတုန်းပဲလား'

ကျော်ရွှေက ရှုတင်းတင်းဖြင့် ပြောလိုက်သည် ။

ပြီး ခင်မောင်စိုး၏ အိပ်ရာပေါ်တွင် ဝင်ထိုင်လိုက်သည် ။

ကျော်ရွှေသည် ရှိုးအပြည့် ဝတ်ဆင်ထားသည် ။ သူ့တွင် ကိုယ်ပိုင် တစ်ထပ်တိုက်ကလေး တစ်လုံးနှင့် အကစ်စ်အီးကားတစ်စီးရှိသည် ။ ငွေကြေးပြည့်ပြည့်စုံစုံ မရှိသော်လည်း ဟန်ပြကောင်း သည် ။

အသားဖြူဖြူ၊ မျက်ခုံးထူထူဖြစ်သည် ။

သူ့ဝါသနာက မိန်းမချောလေးများ နှင့် လက်ပွန်းတတီးနေလိုခြင်းပင်။ သူ ပိုးပန်း၍ အဆင်ပြေသည် ဖြစ်စေ၊ မပြေသည် ဖြစ်စေ ကြာရှည်တွဲလေ့မရှိ။ ပျော်ပျော်တွဲ၍ ပျော်ပျော်ခွဲလေ့ရှိသူ။

'ဒီညကစပြီး မင်းတော့ နဖားကြိုးအတပ်ခံလိုက်ရပြီ ခင်မောင်စိုး၊ မင်းကို မြကေသီက မျက်စိအောက်က အပျောက်ခံမှာ မဟုတ်တော့ဘူးကွ'

ကျော်ရွှေက ခပ်ပြုံးပြုံးပြောသည် ။

'ငါကလည်း အဲဒီလိုမျိုးပဲ နေချင်လို့ ပေါ့ကွာ၊ မြကေသီရဲ့ မိဘ အသိုက်အဝန်းတွေမှာ ငွေတွေ အလျှံပယ် ပိုနေတယ်၊ အခုပဲကြည့်လေ၊ လက်ထပ်ပွဲကျမှ ခမ်းခမ်းနားနား လုပ်သင့်တယ် မဟုတ်လား၊ ဒါပေမဲ့ စေ့စပ်ပွဲကို အကြီးအကျယ်၊ ငွေကုန် ကြေးကျ ခံတာကိုပဲကြည့်၊ ငါ တစ်ပြားမှ ကုန်စရာမလိုဘူး၊ ဒီမြို့ကလေးမှာ မြို့မျက်နှာဖုံးတွေဆိုတော့ သူတို့ အချင်းချင်း အပြိုင်အဆိုင် ရှိုးကြတာလို့ ပဲ ငါထင်တယ်'

ခင်မောင်စိုးက အားရပါးရပြောလိုက်သည် ။

'ငါကတော့ ဘယ်မိန်းကလေးကိုမှ ကတိမပေးဘူး ကိုယ့်လူ၊ ဘယ်သူ ဘောင်ခတ်တာကိုမှ မခံချင်ဘူး'

'မင်းလဲ တန်ဖိုးရှိအောင် နေတတ်ရင် ချမ်းသာတဲ့ မိန်းကလေးရှင် တချို့က ကမ်းလှမ်းလာမှာ ပေါ့ကွာ'

‘ဆောရီးပဲ သူငယ်ချင်း၊ တို့ က အဲလိုမျိုး ဝါသနာ မပါဘူး၊ မီးမှိတ်လိုက်တာနဲ့ ငါ့ကို ဘယ်မှာ ရှာရမှန်း မသိအောင်နေနိုင်တာ အကောင်းဆုံးပဲ၊ ညနေတုန်းက မင်း ဘယ်ရောက်နေလဲ ခင်မောင်စိုး’

ခင်မောင်စိုးက ဗီရိုအံဆွဲဖွင့်၍ အထဲမှ ကတ္တီပါဘူးလေးတစ်ဘူး ထုတ်ပြသည်။ ကျော်ရွှေအား လက်လှမ်းပေးရင်း…

‘အဲဒီ ပစ္စည်းကလေး သွားဝယ်နေတာကွ’ဟု ပြောလိုက်သည်။

ကျော်ရွှေက ကတ္တီပါဘူးကလေးကို ဖွင့်၍ အတွင်းရှိဂွမ်းအောက်ခံပေါ်မှ လက်စွပ်ကလေးကို ကြည့်လိုက်သည် ။ ဂုဏ်ပြုသောအနေနှင့် လေတစ်ချက် ချွန်ပြလိုက်သည်။

‘တယ်ကောင်းပါလားကွ…အဲဒါစိန်အစစ်ပေါ့နော်’

ကျော်ရွှေက မက်မက်မောမောပြောသည်။

‘မင်းဘိုးအေ၊ ငါက အတုကို ဘာလုပ်ဖို့ လဲ၊ ဒီနေ့ည စေ့စပ်ပွဲမှာ မြကေသီကို ဝတ်ပေးဖို့ ဝယ်လာတာကွ’

ခင်မောင်စိုးက ဝင့်ကြွားစွာဖြင့် ပြောလိုက်သည်။

‘အေး…မင်းက ဂုဏ်သရေရှိ အရာရှိကြီးတစ်ယောက် ပညာတတ်လူတန်းစား လူပျိုကြီး၊ မြကေသီတို့ က စီးပွားရေးလောကမှာ ကျိုကျိုတက် ချမ်းသာတဲ့ သူတွေ၊ ငွေနဲ့ ဂုဏ် ပေါင်းစပ်တဲ့ ပွဲမှာ ငါအရက်ဝဝသောက်မှ ဖြစ်မယ်ဟေ့’

ကျော်ရွှေက စေ့စပ်လက်စွပ်ကို ဘူးနှင့်တကွ ပြန်ပေးလိုက်သည်။

ခင်မောင်စိုးက အံဆွဲထဲသို့ အလွယ်တကူ ပြန်ထည့်သည်။

‘ကဲ…ငါ အမြန်ဆုံး ရေချိုးလိုက်ဦးမယ်၊ အဲဟိုမှာ စကော့ချ်တစ်လုံး

တွေ့လား၊ မင်းဟာမင်း နည်းနည်းပါးပါးလောက် ဝမ်းမင်းအပ် လုပ်ထားနှင့်ပေါ့ကွာ'

ခင်မောင်စိုးက မျက်နှာသုတ်ပဝါကြီး တစ်ထည်ကို ကိုယ်ပေါ်တွင်ခြုံ၍ ရေချိုးခန်းရှိရာသို့ သုတ်သီးသုတ်ပျာ ထွက်သွားသည်။

ဆယ်မိနစ်မျှ အကြာတွင် ခင်မောင်စိုး ပြန်ရောက်လာသည်။

သူ့ကိုယ်ပေါ်မှ ရေအစက်အပေါက်ကလေးများကို မျက်နှာသုတ်ပဝါကြီးဖြင့် ပွတ်သုတ်နေ သည်။ ပြီး...မျက်နှာနှင့် ကိုယ်ခန္ဓာတစ်ခုလုံးကို အမွှေးအကြိုင်များ ဖြင့် ဆွတ်ဖျန်းသည်။

အဝတ်အထည် အကောင်းဆုံး၊ အသစ်လွင်ဆုံးတို့ ကို ရွေးချယ်ဝတ်ဆင်လိုက်သည်။

'အဲဒီအမျိုးသမီးက ဘယ်သူလဲကွ'

ကျော်ရွှေက အစမရှိ၊ အဆုံးမရှိ မေးလိုက်သည်။

'ဘယ်အမျိုးသမီးကိုမေးတာလဲ'

ခင်မောင်စိုးက အဓိပ္ပာယ်မသိသော အသွင်ဖြင့် ပြန်မေးသည်။

'မင်း ရေချိုးခန်းထဲ ရောက်နေတုန်း မင်းနာမည်နဲ့ တယ်လီဖုန်းခေါ်သံ ကြားလို့ ငါသွားပြီး နားထောင်လိုက်တယ်၊ အဲဒီအမျိုးသမီး ပြောပုံဆိုပုံက မင်းအဆက်ဟောင်းထဲက ဖြစ်မယ်မထင်ဘူး၊ ငါက ခင်မောင်စိုး သူ့စေ့စပ်ပွဲသွားဖို့ ပြင်ဆင်နေတယ်၊ ဘာများ မှာ ချင်သလဲဆိုတာကို ဘာမှ ပြန်မပြောဘဲ ဖုန်းချသွားတယ်'

'အဲဒါ...ထူးဆန်းတာပေါ့ကွာ'

ခင်မောင်စိုးက ပခုံးတစ်ချက် တွန့်၍ မှတ်ချက် ချလိုက်သည်။ ထို

နောက် ဆက်လက်၍ …

'မနေ့ညကလည်း အမျိုးသမီးတစ်ယောက် ငါ့ကို လာမေးတယ်လို့ ညစောင့်က ပြောတယ်၊ ပြီးတော့…အရမ်းချောသတဲ့ ကွာ၊ ဒါပေမဲ့ အဲဒီ အမျိုးသမီးက ငါကို တစ်ခါမှ မြင်ဖူးပုံမရဘူးတဲ့ ၊ ဘာဖြစ်လို့ လဲဆိုတော့ ငါ့ရဲ့ ပုံသဏ္ဍာန်ကို ညစောင့်က တလွဲတချောတွေ စွတ်ပြောပြတယ်၊ အဲ ဒါကို ယုံသွားသတဲ့ '

'ဒါဆိုရင်…အဲဒီ အမျိုးသမီးက ဘာကြောင့် မင်းနောက်ကို လိုက်နေ တာလဲ'

ကျော်ရွှေက စဉ်းစဉ်းစားစားမေးလိုက်သည် ။

ခင်မောင်စိုးက အံဆွဲထဲမှ ကတ္တီပါဘူးကလေးကို တိုက်ပုံအင်္ကျီအတွ င်းအိတ်သို့ ဂရုတစိုက် ထည့်လိုက်သည် ။

'ကဲ…လာ သွားစို့၊ ရှေ့လာမယ့် တစ်လအတွင်း လက်ထပ်ဖို့ အတွက် စေ့စပ်ပွဲလုပ်မယ့် ညမှာ တခြားဘာကိစ္စမှ ခေါင်းရှုပ်ခံပြီး စဉ်းစားနေစ ရာ မလိုတော့ပါဘူးကွာ'

ခင်မောင်စိုးက စကားဆက်ကို ဖြတ်တောက်ပစ်လိုက်သည် ။

ထို့နောက်…

နှစ်ယောက်သား အခန်းထဲမှ ထွက်လိုက်ကြသည် ။

ခင်မောင်စိုးသည် အခန်းတံခါးကို ဂရုတစိုက် သော့ပိတ် လိုက်လေ သည် ။

***

(၄)

ပိတောက်မြိုင်မြို့ကလေးတွင် ပုဏ္ဏာမီစံအိမ်သည် ဂုဏ်ယူဝင့်ကြွားစွာ တည်ရှိသည် ။

နှစ်ထပ်တိုက်ခံအိမ်ကြီးဖြစ်ပြီး ထုထည်ကြီးမား၍ သက်တမ်းရင့်သော ကျွန်းသစ်ကြီးများ ဖြင့် တည်ဆောက်ထားသည် ။ ကျယ်ဝန်း၍ ခမ်းနားသော အဆင်အပြင်တို့ ဖြင့် အခန်းခန်း အဆောင်ဆောင်များ ဖွဲ့စည်းထားသည် ။

ထိုညတွင် စံအိမ်ကြီး၏ အထပ်ထပ်၌ မီးရောင်များ ထိန်ထိန်ညီးနေသည် ။ ကြွလာသော မင်းပိုင်း စိုးပိုင်း၊ လူကုံထံအသိုက်အဝန်း၊ အရာရှိအရာခံများ နှင့် မြို့မျက်နှာဖုံးသူဌေးသူကြွယ်များ သည် ဇနီး သားသမီးတို့ နှင့်အတူ လျှမ်းလျှမ်းတောက် ဝတ်စားလာကြသည် ။

ကျယ်ဝန်းသော ခြံကြီးထဲတွင် မြို့အလိုက် ချမ်းသာကြွယ်ဝ သူတို့ ၏ ကားကြီးကားငယ်များ စီတန်းထား၏။

အစားအသောက် အကျွေးအမွေးတို့ ဖြင့် အလျှံပယ်ဖြစ်နေသည် ။

ပုဏ္ဏာမီစံအိမ်ပိုင်ရှင်မှာ ဦးထွတ်ခေါင်နှင့် ဇနီးဒေါ်တင်သော်တို့ ဖြစ်သည် ။ သူတို့ ၏ တစ်ဦးတည်းသောသမီး မြကေသီနှင့် ခင်မောင်စိုးတို့ ၏ စေ့စပ်ပွဲ အခမ်းအနားကို ဆင်ယင်ကျင်းပ နေခြင်း ဖြစ်သည် ။

စင်စစ်အားဖြင့်…

စေ့စပ်ပွဲဟူသည် မှာ လက်ထပ်ပွဲအတွက် အကြိုကျင်းပခြင်းမျှသာ ဖြစ်သည် ။ သို့ရာတွင် သုံးမကုန် ဖြုန်းမကုန်နိုင်လောက်အောင် ကြွယ်ဝသူများ ဖြစ်သောကြောင့် သူတကာထက် သာစေရန် ရက်ရက်ရောရော အပြိုင်အဆိုင် ပြုလုပ်လိုက်ခြင်း ဖြစ်သည် ။

မည်သို့ပင်ဖြစ်စေ…

သတို့ သားလောင်း ခင်မောင်စိုးသည် သွယ်သွယ်လျလျ၊ ပိန်ပိန်ပါးပါးဖြစ်သည် ။ သူ့တွင် ဆွေဂုဏ်မျိုးဂုဏ်၊ ဓနအင်အား မရှိသော်လည်း နယ်ဘက်အရာရှိကြီး တစ်ယောက်ဖြစ်သော ရာထူးဂုဏ် ရှိသည် ။

သတို့ သမီးလောင်း မြကေသီက အသက်ငယ်ရွယ်သူ ဖြစ်သည် ။ သူမ၏ ခန္ဓာကိုယ်ကို ဆူဖြိုး သော အသားစိုင်များ ဖြင့် တည်ဆောက်ထားသည် ။ မိဘငွေကြေး အရှိန်အဝါရှိသဖြင့် လိုတရ မင်းသမီးလေးတစ်ပါး ဖြစ်နေသည် ။

စေ့စပ်ပွဲတွင် စားကြ သောက်ကြ၊ အချင်းချင်း ရယ်မောကြ၊ ကိုယ့်အစုကလေးနှင့် ကိုယ် စကားလက်ဆုံကျနေကြသည် ။

မြကေသီသည် ခင်မောင်စိုးအား လက်ချင်းချိတ်ထား၍ ဧည့်သည်များအား လိုက်လံ နှုတ်ဆက်နေသည် ။ သူမ၏ လက်သူကြွယ်မှ စိန်လက်စွပ်ကလေးသည် စေ့စပ်ပွဲ အထိမ်းအမှတ်အဖြစ် ခင်မောင်စိုးက ဝတ်ဆင်ထားပေးခြင်း ဖြစ်သည် ။

ခင်မောင်စိုးသည် မြကေသီထက် အသက်ကြီးသော်လည်း ယုယကြင်နာတတ်သူ ဖြစ်သည် ။ မြကေသီ နွဲ့ဆိုးဆိုးသမျှ

အလိုလိုက်ခဲ့သောကြောင့် သူတို့ နှစ်ယောက်၏ အခြေအနေမှာ စိုပြည်လာခဲ့ ခြင်း ဖြစ်သည် ။

'ဟယ်…အရမ်းချစ်ဖို့ ကောင်းလိုက်တာ၊ သိပ်ကြည့်ကောင်းတဲ့ အမျိုးသမီးပဲ'

မြကေသီ၏ နှုတ်ဖျားမှ လွှတ်ခနဲ ထွက်သွားသည် ။

ခင်မောင်စိုးက သူမ၏ အကြည့်လမ်းကြောင်းသို့ အာရုံစိုက်လိုက်သည် ။ ပိုးပဝါခြုံလျက် ရွှေဝါရောင်ဝတ်စုံဖြင့် တင့်တယ်လှသော အမျိုးသမီးတစ်ယောက်။

သူမ၏ ဆင်စွယ်ရောင်အသားနှင့် ဝတ်စုံက တွဲဖက်ညီသည် ။

မျက်လုံးအစုံကို မီးရောင်ဟပ်သဖြင့် ကြည်လဲ့၍ တောက်ပနေသည် ။ သူမ၏ နှုတ်ခမ်း ထောင့်စွန်းရှိ အချိုင့်ရာကလေးမှာ ပါးချိုင့်ကလေးသဖွယ် ဖြစ်နေသည် ။

ခင်မောင်စိုးက လှမ်းကြည့်နေစဉ်မှာ ပင် ထိုပါးချိုင့်ကလေး ပျောက်ကွယ်သွားသည် ။ ထိုအမျိုးသမီး အနီးသို့ ခင်မောင်စိုး၏ အရင်းနှီးဆုံး သူငယ်ချင်း ကျော်ရွှေ ကပ်သွားသည် ။ ကျော်ရွှေကို တစ်စုံတစ်ရာ တီးတိုးပြောသည် ။

အမျိုးသမီးက ဦးခေါင်းခါလျက် ငြင်းပယ်လိုက်သည် ။

'အဲဒါ ဘယ်သူလဲ ကေသီ၊ တို့ တစ်ခါမှ မတွေ့ဘူးပါလား'

ခင်မောင်စိုးက မြကေသီကိုမေးလိုက်သည် ။

'အစတုန်းကတော့ ကိုကျော်ရွှေနဲ့ အတူတူပါလာတာလို့ ထင်တာပဲ အစ်ကို၊ ဒါပေမဲ့ တကယ်တော့ ကိုကျော်ရွှေကသာ တစ်ချိန်လုံး လိုက်က

ပ်နေတာ၊ အမျိုးသမီးက သူ့ကို ခါထုတ်လိုက် တယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီ အမျိုးသမီးက သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ပုံရပါတယ်၊ အပေါ်စားထဲက တော့ ဟုတ်မယ်မထင်ဘူး အစ်ကို'

မြကေသီက တီးတိုးပြောလိုက်သည် ။

'ကေသီ ခဏလာပါဦးကွာ၊ တို့ သူငယ်ချင်းတွေ ဆုံတုန်းစကားပြော ရအောင်၊ မရွှေချော လည်း နိုင်ငံခြားက ပြန်ရောက်နေတယ်၊ သူနဲ့ တို့ မ ဆုံဖြစ်တာ တစ်နှစ်တောင် ပြည့်တော့မယ်'

မြကေသီ၏ သူငယ်ချင်းမတစ်ယောက်က သူမ၏ လက်မောင်းကို ဆုပ်ကိုင်ဆွဲခေါ်နေသည် ။ မြကေသီ ခင်မောင်စိုးဘက်သို့ ခွင့်တောင်းသ ည့်အကြည့်ဖြင့် တစ်ချက် ကြည့်သည် ။

'လိုက်သွားပါ ကေသီ'

ခင်မောင်စိုးက ပြုံးပြုံးရွှင်ရွှင် ခေါင်းညိတ်ပြသည် ။

'ကေသီ သိပ်မကြာပါဘူး အစ်ကို၊ အလွန်ဆုံး ဆယ်မိနစ်ပဲသိလား'

***

ခင်မောင်စိုးသည် မွန်းကျပ်နေသော ဧည့်သည် များ အကြားမှ ရှောင် ကာတိမ်းကာ၊ ပွတ်ကာ သီကာဖြင့် ခန်းမကျယ်ကြီး၏ အပြင်ဘက် လေ သာဆောင်သို့ ထွက်လာခဲ့သည် ။ သူသည် လူများ ၏ ကိုယ်ငွေ့များ ၊ အ နံ့အသက်များကြောင့် ငြီးစီစီကြီးဖြစ်နေသည် ။

ပြာလဲ့သော မိုးကောင်းကင်တွင် လသာနေသည် ။

လေသာဆောင်ကို ချောက်ကမ်းပါး၏ နှုတ်ခမ်းပေါ်တွင် မေးတင်လျက် ဆောက်ထားခြင်း ဖြစ်သည် ။ နက်ရှိုင်းသော ချောက်ကမ်းပါးအောက်ခြေတွင် စမ်းချောင်းကလေးတစ်ခုက မြွေလိမ် မြွေကောက် စီးဆင်းနေသည် ။ စမ်းချောင်းထဲမှ ရေကို လရောင် ဟပ်နေသဖြင့် ငွေရောင် တောက်ပနေသည် ။

ခင်မောင်စိုးက သန့်ရှင်းလတ်ဆတ်သော လေကို အားရပါးရ ရှူရှိုက်နေသည် ။ သူ့အနေဖြင့် အလုပ်ကို အစဉ်ထာဝရ မနားတမ်းလုပ်လေ့ရှိသူ ဖြစ်သည် ။ သူ့သက်တမ်းတစ်လျှောက် မည်သည့် အခါကမျှ အားကစားလိုက်စားခဲ့ဖူးခြင်း မရှိပါချေ။

သူသည် လေသာဆောင်၏ လက်ရန်နှင့်ထိကပ်၍ တသွင်သွင် စီးဆင်းနေသော စမ်းချောင်း ကလေးကို ငေးကြည့်နေမိသည် ။

ထိုအခိုက်အတန့်တွင် ...

သူ၏ နောက်ဘက်မှ ခြေသံတစ်သံ ကြားလိုက်ရသည် ။

ခင်မောင်စိုးက မြကေသီ လိုက်လာသည် ထင်၍ ပြုံးပြရန် အားယူလျက် လှည့်ကြည့်လိုက် သည် ။

အထက်အောက် ရွှေဝါရောင်ဝတ်စုံနှင့် မိန်းမချောကလေးဖြစ်နေသည် ။

သူနှင့် မိန်းမချောလေး၏ အကွာအဝေးမှာ သုံးပေထက်မပို။

သူမ၏ ကိုယ်မှ ထွက်ပေါ်လာသော စွဲမက်ဖွယ်ရာ ချိုသင်းနံ့ကလေးသည် ပင်လျှင် ခင်မောင်စိုး၏ နှာဝသို့ တိုးဝင်နေသည် ။ သူမ ခြုံလွှမ်းထားသော ပိုးပဝါကလေးသည် တိုက်ခတ်နေ သော လေအဟု န်ဖြင့် တဖျပ်ဖျပ် လှုပ်ရှားနေသည် ။

ထိုအချိန်တွင် မိန်းကလေး ပျောက်သွားသဖြင့် သဲကြီးမဲကြီး လိုက်ရှာနေသော ကျော်ရွှေသည် လေသာဆောင်သို့ ရောက်ရှိလာသည် ။

‘ကဲ…ခင်မောင်စိုး၊ ဒါဟာ မင်းရဲ့ စေ့စပ်ပွဲမဟုတ်လား၊ ဒီတော့ သတို့သမီးလောင်း အနားမှာ ပဲ မင်းရှိနေသင့်တာပေါ့ကွာ၊ စောစောကပဲ မြကေသီက မင်းကို လိုက်ရှာနေသေးတယ်ကွ’

တကယ်တမ်းအားဖြင့် ကျော်ရွှေက ခင်မောင်စိုးအား မိန်းမချောကလေး၏ အနီးမှ ပထုတ် လိုက်ခြင်းမျှသာ ဖြစ်သည် ။ မြကေသီသည် သူ့သူငယ်ချင်းမ တစ်စုနှင့် ရွှန်းရွှန်းဝေအောင် စကားတွေ ဖောင်ဖွဲ့နေသည်ကို ကျော်ရွှေမြင်ခဲ့သည် ။

ခင်မောင်စိုးက ကျော်ရွှေ၏ စကားကို မယုံကြည်။

ထို့ကြောင့် ရပ်တည်ရာမှ နေရာမရွှေ့ချေ။ ဧည့်ခန်းဆောင်အတွင်းသို့ လောလောဆယ် ပြန်ဝင်သွားရန် မရည်ရွယ်သေး။

‘အ ထ `မ ၂၁ ငြီးစီစီကြီးဖြစ်နေလို့ လေကောင်းလေသန့် လာရှူနေတာပါ ကျော်ရွှေရာ’

ခင်မောင်စိုးက ကျော်ရွှေအား လှမ်းပြောလိုက်သည် ။

သူ့အပြောကို ကျော်ရွှေ အလေးမထား၊ ပမာမပြုတော့ချေ။ ကျော်ရွှေ၏ မျက်လုံးအစုံသည် မိန်းမချောကလေးအား ကြည့်ရန်အတွက်သာ ဖြစ်နေသည် ။

‘မင်း ဘာမှ မစားမသောက်ရသေးဘူး မဟုတ်လားဟင်’

ကျော်ရွှေ၏ လေယူလေသိမ်းက ခါတိုင်းထက်ပို၍ နူးညံ့သိမ်မွေ့နေသည် ။ အကြင်နာ မေတ္တာ များကို ရာခိုင်နှုန်းပြည့် ဖောဖောသီသီ

ပေါင်းစပ်ထားသည်။

'ကျွန်မ သိပ်မဆာလို့ပါ ရှင်ရယ်'

မိန်းမချောကလေးက တီးတိုးညင်သာစွာ ပြောလိုက်သည်။

'ဒါဆို မင်းအတွက် စားစရာတစ်ခုခုတော့ တို့ ယူလာပေးမယ်နော်၊ မင်းဘာစားချင် သလဲဟင်'

'ဟောလစ်ဖြစ်ဖြစ် အိုဗာတင်းဖြစ်ဖြစ် ရနိုင်ရင်တော့ သောက်ချင်တယ်'

စင်စစ်အားဖြင့် ဤစေ့စပ်ပွဲတွင် ကြာဇံချက်နှင့် အအေးအဖြစ် လိမ္မော်ရည်များ သာ ကျွေးမွေး ဧည့်ခံသည်။ ကော်ဖီနှင့် လက်ဖက်ရည်၊ ကိတ်မုန့် လက်ဖက်သုပ် စသည် တို့ လည်း ပါသည်။

ဟောလစ်နှင့် အိုဗာတင်းသည် အိမ်သူ အိမ်သားများ အတွက်တော့ ရှိနိုင်ကောင်းသည်။ မီးဖိုခန်းထဲသို့ သူကိုယ်တိုင် ဝင်ရှာလျှင် ရနိုင်လောက်သည်။

ထို့ကြောင့်...

'စိတ်ချ၊ မင်းသောက်ချင်တာ ဖြစ်ရစေ့မယ်၊ ဒီမှာ ပဲ စောင့်နေနော်၊ ဘယ်မှ မသွားနဲ့ သိလား'

ကျော်ရွှေက ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်မာမာကြီး အာမခံလိုက်သည်။ ထို့နောက် မိန်းမချောလေး၏ မျက်မှောက်မှ လျင်မြန်စွာ ထွက်ခွာသွားသည်။

ဧည့်ခန်းဆောင်ရှိ ဧည့်ပရိသတ် ကြားထဲမှ ကွေ့ဝိုက်ရှောင်တိမ်း တိုးဝှေ့သွားနေသော ကျော်ရွှေအား မိန်းကလေးက လှမ်းကြည့်နေသည်။

'ဒီကောင်က မိန်းမချောလေးတွေ အတွက်ဆိုရင် အရမ်းအပင်ပန်းခံတယ်၊ မင်း ကြိုက်သလိုခိုင်း၊ လုံးဝ အားနာစရာမလိုဘူး၊ ပြီးတော့ သူ့အန္တရာယ်ကိုတော့ ရှောင်နိုင်အောင် ကြိုးစားဖို့ လိုလိမ့်မယ်၊ ကဲ...မင်းလည်း လွတ်လွတ်လပ်လပ်နေခဲ့ဦး'

***

ခင်မောင်စိုးက သူမအပါးမှ ခွာထွက်ရန် ခြေလှမ်းပြင်လိုက်သည် ။

အဘယ်ကြောင့် ဆိုသော်...

လက်ရှိ အခြေအနေအရ သူ့အနေနှင့် သတို့ သားလောင်း ဖြစ်နေလေပြီ။ နံပါတ်ချိတ် ခံရပြီးသူ တစ်ယောက်။ သည် စေ့စပ်ပွဲသည် သူနှင့် မြကေသီတို့ လက်ထပ်ပေါင်းသင်းကြတော့မည့် အတွက် အကြိုဧည့်ခံပွဲ၊ ကြေညာပွဲ မဟုတ်ပါလား။

အကယ်၍ သာ...

သူ့အနေနှင့် ခါတိုင်းလို လူလွတ်ဖြစ်ခဲ့လျှင် သည် မိန်းမချောလေးကို မည်သည့် နည်းနှင့်မျှ လက်လွတ်ခံစရာအကြောင်းမရှိပါချေ။

ခင်မောင်စိုးက ဧည့်ခန်းဆောင်ဘက်သို့ ခြေဦးလှည့်လိုက်စဉ်...

'ခဏလောက် နေပါဦးရှင်၊ ကျွန်မ ရှင့်ကို ပြောစရာရှိလို့ ပါ'

သူမ၏ ဆွဲဆောင်သော အသံကလေးက ခင်မောင်စိုး၏ ခြေလှမ်းကို ရပ်တန့်စေနိုင်သော စွမ်းအားရှိသည် ။

သူက မိန်းမချောလေးအား သမင်လည်ပြန် လှည့်ကြည့်လိုက်သည် ။

'မင်း ကျုပ်ကို မသိဘူးမဟုတ်လား'

သူ့လေသံက တီးတိုး ထွက်ပေါ်လာသည် ။

မိန်းမပျိုလေးက ခြုံလွှမ်းထားသော ပိုးပဝါကို ပခုံးပေါ်မှ သိမ်းယူ၍ လက်ဝါးနှစ်ဖက်နှင့် ဆုပ်ကိုင် ဆွဲဆန့်နေသည် ။

'ရှင့်ကို ကျွန်မ အခုမှ သေသေချာချာ မှတ်မိတယ်'

အမျိုးသမီးက တည်ငြိမ်စွာ ပြောလိုက်သည် ။

'ဒါဆို မင်းနဲ့ ကျုပ် ဘယ်တုန်းက တွေ့ခဲ့ဖူးလို့ လဲ'

ခင်မောင်စိုးက ဇဝေဇဝါဖြင့် ပြန်မေးလိုက်ပြီးနောက် သူမ၏ အနီးသို့ ပြန်လျှောက်လာသည် ။

မိန်းမချောလေးသည် လေသာဆောင်၏ ဝရန်တာတွင် ခါးမှီလျက် ရပ်နေသည် ။ ခင်မောင်စိုး သည် လည်း မိန်းမချောလေးနှင့် မျက်နှာချင်းဆိုင် ရပ်တည်မိလေပြီ။

အနီးကပ် တစိမ့်စိမ့်ကြည့်လေ သူမ၏ အသားအရေ ညက်စင်ဝင်းမွတ်ခြင်းကို သတိထားမိ လေလေ ဖြစ်သည် ။ သူမ၏ အရည်လဲ့နေသော မျက်နက်ဝန်းထဲတွင် ညို့ဓာတ် အပြည့်အဝပါသည် ။ နှုတ်ခမ်းမို့မို့ ဖူးဖူးကလေးက နီထွေးစွတ်စိုနေသည် ။

'ရှင့်ကို ကျွန်မ တစ်ခါတွေ့ဖူးတယ်၊ တော်တော်လေး ကြာပါပြီ၊ ရှင်ကတော့ မှတ်မိမှာ မဟုတ်ဘူး ၊ ကျွန်မက ဘယ်တော့မှ မမေ့ဘူးရှင့်၊ အဲဒီအချိန်တုန်းကဆိုရင် ကားတစ်စီးပေါ်မှာ ရှင်နဲ့ အတူ လူလေးယောက်ပါသေးတယ်'

မိန်းမချောလေးက ခိုင်ခိုင်မာမာ ပြောလိုက်သည်။

'ဘာ...ကျုပ်ကို လူလေးယောက်နဲ့ ကားပေါ်မှာ တွေ့ဖူးတယ် ဟုတ်လား'

သူ့အမေးကို မိန်းမချောလေးက ခေါင်းညိတ် အဖြေပေးသည်။

'အဲဒီလောက်နဲ့ တော့ ကျုပ်စဉ်းစားလို့ ရမှာ မဟုတ်ဘူး ၊ ကျုပ်က က ၁းတ စ ်စ ိးပေ ါမ ၂၁ အဲလိုမျိုး သူငယ်ချင်း လေးငါးခြောက်ယောက်တင်ပြီး လျှောက်သွားတဲ့ အကြိမ်က မနည်း တော့ဘူး မဟုတ်လား'

ခင်မောင်စိုးက အပြုံးသဲ့သဲ့ဖြင့် ပြောလိုက်သည်။

'ဒါပေမဲ့ ကျွန်မ တွေ့တဲ့ အချိန်က ရှင်စီးလာတဲ့ ကားက ဝီလီဂျစ်၊ ပြီးတော့ ကားနံပါတ်က...'

မိန်းမချောလေး၏ စကားမဆုံးမီ သူက ခေါင်းမော့၍ ရယ်ပစ်လိုက်၏။

'အဲဒါတွေ ပြောမနေပါနဲ့ ကွာ၊ ကျုပ်စီးဖူးတဲ့ ကားတွေက အများသား၊ ဒါကြောင့် ကားနံပါတ် တွေကို ကျုပ် ဘယ်တော့မှ မှတ်မထားဘူး၊ တစ်ခါစီးပြီးရင် တစ်ခါတည်း မေ့ပစ်လိုက်တာချည်းပဲ'

'အဲဒီကားနံပါတ်ကို မှတ်ထားပြီး ကျွန်မ လိုက်စုံစမ်းနေတာ ကြာပြီလေ၊ အခုဆို ကားအဟောင်းတွေ ပြန်လည်ပြင်ဆင်မွမ်းမံတဲ့ ဝပ်ရှော့တစ်ခုမှာ တွေ့ခဲ့တယ်'

'အဲဒါတော့ ကျုပ်မသိဘူး၊ ဒါနဲ့ နေစမ်းပါဦး၊ မင်းက ဘယ်သူလဲ၊ ဒီဧည့်ခံပွဲမှာ မင်းအချောဆုံးပဲလို့ မိန်းမချင်းတောင် ချီးကျူးကြတယ်'

မိန်းမချောလေးက ပြန်မဖြေ။ လက်ထဲမှ ပိုးပဝါ၏ အစ နှစ်ဖက်ကို လက်ဖဝါးတစ်ဖက်စီဖြင့် ခိုင်မြဲစွာ ဆုပ်ကိုင်သည် ။ ခင်မောင်စိုးကို ကျော်ဖြတ်၍ လျှောက်သွားသည် ။ ခင်မောင်စိုးက စီးကရက် ထုတ် မီးညှိ ဖွာရှိုက်နေသည် ။

ခင်မောင်စိုး၏ နောက်ကျောသို့ အရောက်တွင် သူမ၏ လက်နှစ်ဖက်ကို ဘေးသို့ ဆန့်တန်း လိုက်သောအခါ ပိုးပဝါက သူမ၏ ရင်အုံရှေ့တွင် ကန့်လန့်ဖြတ် တန်းနေသည် ။

လက်ကောက်ဝတ်ကို သွက်လက်စွာလှုပ်ရှား၍ ပဝါကို လှည့်ပေးလိုက်သောအခါ ပိုးပဝါသည် ခိုင်မြဲသော ကြိုးတစ်ချောင်းအဖြစ် ပြောင်းလဲသွားသည် ။

ကြိုးလှည့်နေသောအသံသည် တရှီရှီ မြည်လာသည် ။

ခင်မောင်စိုးက ပျာယီးပျာယာ လှည့်ကြည့်သည် ။

သို့ရာတွင် ...

သူ၏ ဦးခေါင်းသည် မိန်းကလေးဘက်သို့ တည့်တည့်မတ်မတ် မလှည့်နိုင်မီ...

ကြိုးတစ်ချောင်းပမာ ကျစ်လျစ်ခိုင်မာသော ပဝါသည် သူ၏ လည်ပင်းကိုရစ်ပတ်၍ တင်းကျပ် လာသည် ။ သူက ကြိုးစားပမ်းစား ရုန်းကန်ဖယ်ရှားနေရင်းပင် အသက်ရှူ၍ မရနိုင် တော့ချေ။

မိန်းမချောလေးက ထိုပဝါကို ကြက်ခြေခတ်ကိုင်၍ လိမ်ညှစ်ပေးလိုက်သည် ။ ခင်မောင်စိုး၏ ရုန်းဖယ်မှုမှာ တစ်စ တစ်စ အားပျော့လာသည် ။

သူ၏ အမြင် အကြားနှင့် အသိအာရုံမှာ တဖြည်းဖြည်းချင်း

ချွတ်ယွင်း လာလေပြီ။

'ကျွန်မ ကိုမောင်ရဲ့ မိန်းမ၊ ကဲ...ရှင်သိပြီ မဟုတ်လား'

အမျိုးသမီး၏ အံကြိတ်ပြောသံ။

ဒါသည် ပင်လျှင် ခင်မောင်စိုးအတွက် နောက်ဆုံးကြားသိလိုက်ရခြင်း။

ပြီး သူ၏ ဦးနှောက်ထဲသို့ မှောင်မည်းသော တိမ်တိုက်ကြီးတစ်ခု တိုးဝင် လာလေသည် ။

သူ ဘာမှ မမြင်၊ မသိ၊ မကြားရတော့။

မိန်းမချောလေးက သူ၏ သွယ်လျသော ခန္ဓာကိုယ်ကို ချိုင်းမှ မ၍ လေသာဆောင် ဝရန်တာမှ ကျော်၍ ပစ်ချလိုက်သည် ။ ချောက်ကမ်းပါး အောက်ခြေရှိ စမ်းချောင်းနံဘေး ကျောက်တုံးများ ပေါ်သို့ ပစ်ကျသွား၏ ။

သူမ၏ ပိုးပဝါကလေးသည် လေ၌ လွင့်ပါး၍ စမ်းချောင်းထဲသို့ ဝဲပျံကျကာ ရေစီးနှင့်အတူ မျောပါသွားသည် ။

***